# အလုပ်အကိုင်



အလုပ်အကိုင်ရှိခြင်းအားဖြင့် ဩစတြေးလျား၌ တည်မြဲသော အနာဂတ်တစ်ခုကို ထူထောင်ရာတွင် သင့်အား အထောက်အကူပြုပါလိမ့်မည်။



သင် ရောက်လာပြီးနောက် သင် အလုပ်ချက်ခြင်းရချင်မှရလိမ့်မည်။




သင် အလုပ်ရှာတွေ့ရန် အချိန်ကြာမြင့်နိုင်ဖွယ်ရှိလိမ့်မည်။




သင် ရင်ဆိုင်နိုင်ရဖွယ် အချို့သော စိန်ခေါ်မှုများမှာ၊

- သင့်ထံတွင် ဩစတြေးလျား၌ အလုပ်အကိုင် အတွေ့အကြုံ လုံးဝမရှိခြင်း




- သင် အင်္ဂလိပ်စာ ကောင်းမွန်စွာ မပြောဆိုတတ်ခြင်း



- အလုပ်ရှာဖွေရရှိရန် ကူညီပေးနိုင်မည့်သူ တစ်စုံတစ်ဦးကိုမျှ သင် မသိခြင်း



- သင်၏ ကျွမ်းကျင်မှုများက ဩစတြေးလျား၌ရှိသော အလုပ်အကိုင်များအတွက် သင့်လျော်မှု မရှိခြင်း




- သင်၏ အရည်အချင်းများအား ဩစတြေးလျား၌ အသိအမှတ်မပြုခြင်း တို့ဖြစ်သည်။



သင့်အိမ်အသစ်၌ အခြေချရာတွင်၊

- စိတ်ညစ်ရနိုင်သည်
- အခက်အခဲများစွာကြုံနိုင်သည်



မမေ့ပါနှင့်။ အချိန်လိုပါသည်။




သင် လုပ်ရန်လိုအပ်သော ပထမအဆင့်များမှာ၊

- အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ယူခြင်း




- သင့်အား ပထမဆုံး ကမ်းလှမ်းပေးလာသော ပထမအလုပ်ကို လက်ခံခြင်းတို့ဖြစ်သည်



လူသားဝန်ဆောင်မှုများဌာန (Department of Human Services) ၏ အောက်ပါ ထောက်ပံ့ရေးဝန်ဆောင်မှုများကို သင် အသုံးပြုနိုင်သည်။

- အလုပ်မလုပ်ကြသူများ သို့မဟုတ် အလုပ် မရှိကြသူများအတွက် ထောက်ပံ့ကြေးပေးငွေ



- အလုပ်ရှာဖွေတွေ့ရှိရန်အတွက် အကူအညီ



- လေ့ကျင့်သင်တန်းကို ရှာဖွေတွေ့ရှိရန်အတွက် အကူအညီတို့ဖြစ်သည်



ဩစတြေးလျားအစိုးရသည် လူများအား ပေးငွေများအပေါ် မမှီခိုစေလိုပါ။



အစိုးရက လူများအား၊

- ၎င်းတို့၏ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေလိုသည်
- အလုပ်ရှာဖွေစေလိုသည်



သင်သည် နောက်ထပ်အချက်အလက်များကို လူသားဝန်ဆောင်မှုများဌာန ၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။
www.humanservices.gov.au

## ဩစတြေးလျားနိုင်ငံ အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်များ



ဩစတြေးလျားတွင် အလုပ်အကိုင်ရှိခြင်း၏ အဓိပ္ပာယ်မှာ ငွေရှာခြင်းသက်သက်ထက် ပိုသည်။



ဩစတြေးလျားလူမျိုးများက ယုံကြည်သည်မှာ အလုပ်အကိုင်သည် မိမိတို့ ဘယ်သူတွေဖြစ်ကြောင်းဟူသော မိမိတို့၏ လက္ခဏာအင်္ဂါရပ်၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။



သင့်ထံ၌ အလုပ်ရှိသောအခါ ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်များရှိရန်မှာ အရေးကြီးသည်။



ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်များရှိခြင်း၏ အဓိပ္ပာယ်မှာ၊ သင်သည်

- သင့်အလုပ်အကိုင်ကို သင် အလေးအနက်ထားသည်
- သင့်အလုပ်အကိုင်ကို သင် ကောင်းမွန်စွာလုပ်သည်
- သင် အကောင်းဆုံး လုပ်ကိုင်ခဲ့သဖြင့် သင် စိတ်ခံစားချက်မှာ ကောင်းမွန်သည်



သင် ပုံမှန်လုပ်နေကျ အလုပ်အကိုင်အောက် နိမ့်ကျသောအလုပ်မျိုးကို သင် လုပ်ကိုင်ရန် လိုအပ်နိုင်ဖွယ်ရှိပေမည်

၎င်းကို ဆိုးရွားသည် သို့မဟုတ် မှားယွင်းသည်ဟု မပြောနိုင်ပါ။



၎င်းသည်

- သင့်မိသားစုအား ကြည့်ရှုစောင့်ရှောက်ရာ၌ အထောက်အကူပြုမည့်ငွေကို ရှာဖွေနိုင်မည်



- ပိုကောင်းသောအလုပ်အကိုင်ရရေးကို ဦးတည်ပေးနိုင်သည်



သြစတြေးလျား၌ အမျိုးသားရော၊ အမျိုးသမီးများပါ အလုပ်လုပ်ကြသည်။ လုပ်ငန်းခွင်၌ ၎င်းတို့အား တစ်ပုံစံတည်း ဆက်ဆံသည်။

# အခွန်ဆောင်ခြင်း



သင် ငွေရှာနိုင်သည့် နည်းလမ်းများမှာ၊

- သင့်အလုပ်အကိုင်





- သင့်ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း




- ကုန်စည်များ နှင့် ဝန်ဆောင်မှုများဆိုင်ရာ အခွန် (Goods and Services Tax - GST)




- သင့်ဘဏ်စာရင်း၌ရှိသော ငွေအပေါ်မှ အတိုးတို့အရဖြစ်သည်




သြစတြေးလျား အစိုးရသည် သင့်ဝင်ငွေထဲမှ ငွေအချို့အဝက်ကို ယူပြီး ၎င်းကို အခွန်ဟုခေါ်သည်။



အစိုးရသည် အောက်ပါတို့ကဲ့သို့သော ဝန်ဆောင်မှုများအတွက် ယင်းအခွန်ကို သုံးစွဲသည်

- အထောက်အပံ့လိုအပ်နေသူများအတွက် အထောက်အပံ့အဖြစ် ဖူလုံရေး




- အလုပ်မရှိကြသူများအတွက် ပေးငွေများ



- လမ်းပန်း



- ကျန်းမာရေးတို့အတွက်ဖြစ်သည်




သင့်အနေနှင့် ဩစတြေးလျား အခွန်စည်းကြပ်ရေးရုံး (Australian Taxation Office - ATO) မှ အခွန် ဖိုင်နံပါတ် (Tax file Number - TFN) ကို အောက်ပါတို့အတွက် လိုအပ်သည်။



- အလုပ်အကိုင်မှ ဝင်ငွေ ရရှိရန်



- အစိုးရထံမှ ပေးငွေများ ရရှိရန်တို့အတွက်ဖြစ်သည်



သင်သည် အခွန်နှင့်ပတ်သက်ပြီး
နောက်ထပ်အချက်အလက်များကို ATO
ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။
www.ato.gov.au

## အလုပ်ရှာဖွေရရှိခြင်း



အလုပ်ရှာဖွေတွေ့ရှိရန်မှာ သင်ကိုယ်တိုင်
လုပ်ရန်လိုအပ်သော ကိစ္စတစ်ခုဖြစ်သည်။



၎င်းသည် သင် ဩစတြေးလျားသို့ ရောက်လာသည့်အခါ၌
အရေးကြီးဆုံးလုပ်ရမည့်ကိစ္စများအနက် တစ်ခုဖြစ်သည်။



အလုပ်ရှာဖွေတွေ့ရှိရန်အတွက် သင် အကူအညီ
ရရှိနိုင်သည်။



သင်သည် အောက်ပါကိစ္စများအတွက် အလွန်ကြိုးပမ်းရန် လိုအပ်မည်။

- အလုပ်ရှာဖွေခြင်း
- အလုပ်ရယူခြင်း
- အလုပ်ကို ထိန်းထားနိုင်ခြင်းတို့ဖြစ်သည်




သင် အလုပ်ရှာဖွေတွေ့ရှိနိုင်သော နည်းလမ်းများမှာ မတူပါ




- အလုပ်တစ်စုံတစ်ရာ ရှိမရှိ အကြောင်းကို မိတ်ဆွေများ နှင့် မိသားစုထံ၌ စုံစမ်းမေးမြန်းပါ

- စင်တာလင့်ခ် (Centrelink) က သင့်အား အကြံပေးခြင်းကို နားထောင်ပြီး သူတို့ပြောသည့်အတိုင်း လုပ်ဆောင်ပါ


- အောက်ပါတို့၌ အမည်စာရင်းသွင်းပါ
  - jobactive
    www.jobs.gov.au/jobactive



သို့မဟုတ်
  - မသန်စွမ်းသူများအတွက် အလုပ်အကိုင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်းများ (Disability Employment Services)
    www.dss.gov.au/our-responsibilities/disability-and-cares/programmes-services/disability-employment-services



- ဩစတြေးလျားအစိုးရ၏ အလုပ်ရှာဖွေရေးဆိုင်ရာ ဂျော့ဘ် ဆပ်ချ် (JobSearch) ဝက်ဘ်ဆိုက်ကို အသုံးပြုပါ
  www.jobsearch.gov.au




- အောက်ပါတို့၌ကြည့်ပါ
    - သတင်းစာများ



- လူမှုအဖွဲ့အစည်း ကြော်ငြာသင်ပုန်းများ




- အင်တာနက်၌ရှိသော အလုပ်ဌာနများ



- တယ်လီဖုန်းစာအုပ်များ



- အလုပ်အကိုင်ရှာပေးရေး အဖွဲ့အစည်းများမှ အကူအညီ ရယူပါ



- စေတနာ့ဝန်ထမ်း အလုပ်လုပ်ခြင်း - လူမှုအဖွဲ့အစည်းအား ကူညီပေးသော လုပ်ခမဲ့ အလုပ်





စေတနာ့ဝန်ထမ်း အလုပ်လုပ်ခြင်းအားဖြင့် သင်သည် အောက်ပါအကျိုးရလဒ်များကို ရနိုင်သည်

- ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ခြင်း
- အလုပ်အကိုင်ဆိုင်ရာ အတွေ့အကြုံရခြင်း



- သင့်အား လုပ်ခရသည့်အလုပ်ကို ကူညီရှာဖွေပေးနိုင်သူများအား သင် တွေ့ဆုံနိုင်ခြင်း



- အလုပ်များလျက် နေနိုင်ခြင်း



- သင် အလုပ်ကို ကြိုးကြိုးစားစားလုပ်နိုင်သည်ကို လူများအား ပြသနိုင်ခြင်း



- ဩစတြေးလျား၌ အလုပ်လုပ်ခြင်းအကြောင်းကို နားလည်လာခြင်း တို့ဖြစ်သည်



သင်သည် စေတနာ့ဝန်ထမ်း၏အကြောင်းနှင့် ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို Volunteering Australia ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့ရှိနိုင်သည်။
www.volunteeringaustralia.org

# ပင်လယ်ရပ်ခြား အရည်အချင်းများ

## အရည်အချင်းများကို အင်္ဂလိပ်ဘာသာစကားအဖြစ်သို့ ဘာသာပြန်ဆိုခြင်း




အောက်ပါတို့အား လုပ်ကိုင်ရန် အရေးကြီးသည်

- သင့်အရည်အချင်းများနှင့် အခြားသော အလုပ်အကိုင်နှင့်ဆိုင်ရာ စာရွက်စာတမ်းများကို အင်္ဂလိပ်ဘာသာစကားအဖြစ်သို့ ပြန်ဆိုရန်




- သင့်အရည်အချင်းများအား ဩစတြေးလျား၌ အသိအမှတ်ပြုမပြုကို ဖော်ထုတ်ရန်တို့ဖြစ်သည်။



သင် ဘာလုပ်ကိုင်နိုင်စွမ်းရှိသည်ကို သိရှိခြင်းအားဖြင့် သင့်အား အလုပ်ခန့်နိုင်ဖွယ်ရှိသူများအတွက် လွယ်ကူစေပါလိမ့်မည်။

သင့် စာရွက်စာတမ်းများအား ဘာသာပြန်ဆိုရန် အွန်လိုင်းအရ လျှောက်ထားနိုင်သည်မှာ https://translating.dss.gov.au




သင့် စာရွက်စာတမ်းများအား အင်္ဂလိပ်ဘာသာစကားအဖြစ်သို့ ပြန်ဆိုပေးပြီးနောက် သင့်ထံသို့ စာတိုက်မှ ပို့ပေးပါလိမ့်မည်။




ဘာသာပြန်ဆိုခမှာ အခမဲ့ဖြစ်သည်။

## သင့် အရည်အချင်းများအား တရားဝင် အသိအမှတ်ပြုခံယူခြင်း




သင့် အရည်အချင်းများအား တရားဝင် အသိအမှတ်ပြုခံယူနိုင်ခြင်းအားဖြင့်၊ သင့်လုပ်ကိုင်နေကျလုပ်ငန်းတွင် အလုပ်ရနိုင်မည့်အခွင့်အရေး ပိုတိုးလာပါလိမ့်မည်။



အချို့အလုပ်အကိုင်များသည် သင့်ကို သင်တန်းများတက်ခွင့်ပေးခြင်းအားဖြင့် သင်သည် သင့်အရည်အချင်းများကို ဩစတြေးလျား စံချိန်မီရန် ပြောင်းလဲပေးနိုင်ပေမည်။

၎င်းတို့အား ပေါင်းကူးသင်တန်းများ ဟုခေါ်သည်။




သင်သည် သင့် အရည်အချင်းများအား တရားဝင် အသိအမှတ်ပြုခံယူရေးနှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို ပညာရေး နှင့် လေ့ကျင့်ရေးဌာန (Department of Education and Training) ၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေတွေ့နိုင်သည်။ www.internationaleducation.gov.au




အကယ်၍သင်သည် အောက်ပါစက်မှုလုပ်ငန်းများ၌ အလုပ်လုပ်လျှင်၊ ဩစတြေးလျားနိုင်ငံ လက်မှုပညာများ အသိအမှတ်ပြုရေး အဖွဲ့အစည်း (Trades Recognition Australia - TRA) သည် သင့်အား ကူညီနိုင်သည်။


- စက်မှုအတတ်ပညာလုပ်ငန်း



- ဆောက်လုပ်ရေးလုပ်ငန်း



- သတ္တုလုပ်ငန်း



- လျှပ်စစ်လုပ်ငန်း



- ဧည့်ခံကျွေးမွေးရေး လုပ်ငန်းတို့ဖြစ်သည်




၎င်းတို့က ဩစတြေးလျား၌ အသိအမှတ်ပြုသော အောင်လက်မှတ်များကို သင့်အား ထုတ်ပေးနိုင်သည်။



သင်သည် နောက်ထပ်အချက်အလက်များကို TRA ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့နိုင်သည်။
www.tradesrecognitionaustralia.gov.au/

# အလုပ်ရခြင်း
## ကိုယ်ရေးအကျဉ်း




သင်၏ ကိုယ်ရေးအကျဉ်းသည် အောက်ပါတို့နှင့်ပတ်သက်သော စာရွက်စာတမ်းတစ်ခုဖြစ်သည်။

- သင့်အကြောင်း နှင့် သင်မည်သူဖြစ်ကြောင်း
- သင့်ထံ၌ရှိသော အရည်အချင်းများ
- သင်၏ အတွေ့အကြုံများ - သင် ယခင်က မည်သည့်အလုပ်လုပ်ခဲ့ခြင်းတို့ဖြစ်သည်

သင် အလုပ်လျှောက်သည့်အခါများ၌ သင်၏ ကိုယ်ရေးအကျဉ်းကို တောင်းခံပါလိမ့်မည်။




သင်၏ ကိုယ်ရေးအကျဉ်းကို အောက်ပါအတိုင်း စီမံထားသင့်သည်

- ကွန်ပျူတာ၌ စာစီထားခြင်း
- စာလုံးပေါင်းများ မမှားရန် စစ်ဆေးခြင်းတို့ဖြစ်သည်



အကယ်၍သင့်ထံ၌ အလုပ်အကိုင်ဆိုင်ရာ အတွေ့အကြုံမရှိလျှင်၊ သင်သည် ယင်းအလုပ်အကိုင်အတွက် သင့်တော်မှု ရှိလိမ့်မည်ဖြစ်ကြောင်းကို ပြသရန် သင့်အနေနှင့် အခြားအကြောင်းအရာများကို ထည့်သွင်းနိုင်သည်။

- စေတနာ့ဝန်ထမ်းအလုပ်များ



- လေ့ကျင့်ရေးသင်တန်းများ သို့မဟုတ် ပညာသင်ခြင်း



- သင် ဖြတ်သန်းခဲ့သော ဘဝအတွေ့အကြုံများတို့ဖြစ်သည်



jobactive ကဲ့သို့သော ဝန်ဆောင်မှု အဖွဲ့အစည်းများသည် သင်၏ ကိုယ်ရေးအကျဉ်းကို ကူညီရေးပေးနိုင်သည်။

သင်သည် jobactive နှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များကို အလုပ်အကိုင်နှင့် အသေးစား စီးပွားရေးဆိုင်ရာဌာန (Department of Jobs and Small Business) ၏ ဝက်ဘ်ဆိုက်၌ ရှာဖွေတွေ့နိုင်သည်။
[www.jobs.gov.au/jobactive](www.jobs.gov.au/jobactive)

## လူတွေ့မေးမြန်းခြင်းသို့ သွားရောက်ခြင်း



ဩစတြေးလျား၌ အလုပ်တစ်ခုတည်းကိုပင် ကြိုးစားရယူလိုကြသူ အမြောက်အမြားရှိနိုင်သည်။



သင်အလုပ်မရမီ သင့်အား လူတွေ့မေးမြန်းခြင်းသို့ တက်ရောက်ရန် အခေါ်ခံရနိုင်ဖွယ်ရှိသည်။



လူတွေ့မေးမြန်းခြင်းဆိုသည်မှာ သင့်အလုပ်ရှင် ဖြစ်ကောင်းဖြစ်လာနိုင်မည့်သူများနှင့် တွေ့ဆုံပြီး သင်လုပ်ကိုင်လိုသည့် အလုပ်အကြောင်းကို သူတို့နှင့် ပြောဆိုခြင်းဖြစ်သည်။



သင်ပြောဆိုရန် လိုအပ်လိမ့်မည် အကြောင်းအရာများမှာ၊

- သင့် ပညာရေး



- သင်၏ ကျွမ်းကျင်မှုများ



- သင်၏ အလုပ်အတွေ့အကြုံများ



- သင် ထိုအလုပ်အတွက် အဘယ်ကြောင့် သင့်တော်သူ ဖြစ်လိမ့်မည့်အကြောင်းတို့ဖြစ်သည်



အချို့ယဉ်ကျေးမှုများအရ မိမိအကြောင်းကိုမိမိ
ပြောဆိုတင်ပြခြင်းမှာ မယဉ်ကျေးရာရောက်သည်။



ဩစတြေးလျားတွင်မူ မိမိအကြောင်းကိုမိမိ
ပြောရန်လိုအပ်သည်၊ သို့မှသာ အလုပ်ရနိုင်မည်ဖြစ်သည်။



ဩစတြေးလျားသို့ လာသည့်ခရီးလမ်း၌ သင်သည် အောက်ပါတို့ကို ပြသခဲ့ပြီးဖြစ်သည်၊

- ဒဏ်ခံနိုင်မှု - ကိစ္စအရာများ မလွယ်ကူနေသောအခါ၌ သင် အားအင်ရှိနိုင်သည်
- စိတ်ဓာတ်ကြံ့ခိုင်မှု - သင့် ရည်မှန်းချက်ပန်းတိုင်ကို သင် ရောက်ရှိရန် သင် အပတ်တကုတ်ကြိုးစားသည်



၎င်းတို့မှာ ကောင်းမွန်သော အရည်အသွေးများဖြစ်သည်။

သင့်အား အလုပ်ခန့်နိုင်ဖွယ်ရှိသူများကလည်း ဤအကြောင်းအရာကို သိကြသည်။

## သင့်ထံ၌ အလုပ်အကိုင်ရှိလျှင်



တည်တံ့ခိုင်မြဲသော အလုပ်အကိုင်ဆိုင်ရာ ကျင့်ဝတ်များအား လက်ကိုင်ထားခြင်းအားဖြင့် အလုပ်မြဲနေစေရန် သင့်အတွက် အထောက်အကူဖြစ်ပါလိမ့်မည်။



သင့်ထံ၌ အလုပ်အကိုင်ရှိလျှင် သင့်အနေနှင့် မမေ့သင့်သော အရာများအချို့မှာ၊


- အချိန်မီလုပ်ကိုင်ဆောင်ရွက်ပါ - ဘယ်သောအခါမှ နောက်မကျပါနှင့်။
- အကယ်၍ သင် အချိန်မီလုပ်ကိုင်ဆောင်ရွက်ရန် မတတ်နိုင်လျှင်၊ သင့်အလုပ်ရှင်အား သင်အတတ်နိုင်ဆုံး ဆောလျင်စွာ အကြောင်းကြားပါ



သင်အလုပ်ခွင်၌ရှိနေစဉ် အလုပ်များနေလျက် နေပါ။

အနားယူအပ်သောအချိန်များ၌ အနားယူပါ။





သေးငယ်သော ကိုယ်ရေးကိုယ်တာ ပြဿနာများသည်
အလုပ်ပျက်ရန်အတွက် ကောင်းမွန်သော
အကြောင်းပြချက်များ မဟုတ်ပါ။

အောက်ပါအခြေအနေများတွင်သာ အလုပ်ပျက်ပါ။

- နာမကျန်းဖြစ်ခဲ့လျှင်
- အရေးပေါ် အခြေအနေပေါ် ပေါက်ခဲ့လျှင်တို့ဖြစ်သည်



သင် ဘာလုပ်ရန်လိုအပ်သည်ကို သင် နားမလည်လျှင်
မေးခွန်းများထုတ်ပါ။

မေးမြန်းရမည့်သူများမှာ၊

- သင့် အလုပ်ပိုင်ရှင်
- အခြားအလုပ်သမားတို့ဖြစ်သည်



အခြားသူများအား လေ့လာနေပါ သို့မှသာ သင်
တတ်မြောက်မည်။



သင် အောက်ပါတို့ကို လုပ်နိုင်မည်လားဟု မေးပါ

- လုပ်ငန်းတာဝန်အသစ်များကို
  ကြိုးစားလုပ်ကိုင်ခြင်း
- သင်လုပ်ရန်လိုအပ်သည့် အရာများအတွက်
  တာဝန်ဝတ္တရားအသစ်များကို ယူခြင်းတို့ဖြစ်သည်




အလုပ်ခွင်ရှိ လူများနှင့် ကောင်းမွန်သော ဆက်ဆံရေးကို
ထူထောင်ပါ။

သင်အလုပ်လုပ်နေသင့်သောအချိန်များ၌
စကားပြောဆိုချိန် မများလွန်းပါစေနှင့်။

သင့်အား ဆက်ဆံစေချင်သလိုပင် အခြားသူများအား
လေးစားစွာဆက်ဆံပါ။






သင်သည် အောက်ပါသို့သော ကွဲပြားခြားနားမှု ရှိကြသူများနှင့်အတူ အလုပ်လုပ်ရလိမ့်မည်ဖြစ်သည်

- ယဉ်ကျေးမှု
- ဘာသာရေး
- အမြင်ရှုထောင့် - သူတို့က ကမ္ဘာလောကကြီးကို ရှုမြင်ပုံတို့ဖြစ်ကြသည်။

လုပ်ငန်းခွင်၌ အမျိုးသားများ  နှင့် အမျိုးသမီးများအား တစ်ပုံစံတည်း ဆက်ဆံသည်




ကောင်းမွန်သော အလုပ်လုပ်သက် မှတ်တမ်းကို ထူထောင်ပါ - လုပ်နိုင်ပါက အလုပ်တစ်ခုတည်း၌ အနည်းဆုံး 6 လ အထိ စွဲစွဲမြဲမြဲလုပ်ပါ။

အကယ်၍သင် အလုပ်မှထွက်ရန် စီစဉ်ထားလျှင်၊ သင့်အလုပ်ရှင်အား အလွန်စောစီးစွာ ကြိုတင်သတိပေးပါ။



အလုပ်ရှင်တို့အား၊ အောက်ပါတို့အရ ဆက်ဆံပါ။

- လေးစားမှု
- မွန်ရည်သည့်နည်းဟန်များဖြင့် ချေင်မှုတို့ဖြစ်သည်

အလုပ်ရှင်တို့သည် သင် နောက်ထပ်အလုပ်လျှောက်ရာတွင် ထောက်ခံပေးမည့်သူများဖြစ်လိမ့်မည်ဖြစ်ပြီး သင်သည် မည်ကဲ့သို့သော အလုပ်သမားမျိုးဖြစ်သည်ကို အခြားသူများအား ပြောပြလိမ့်မည်ဖြစ်သည်။




သင်အလုပ်ရလျှင် Centrelink ကို အကြောင်းကြားပါ။ ၎င်းမှာ ဥပဒေအရဖြစ်သည်။ လုပ်ခရသောအလုပ်သည် သင် ရသော မည်သည့်ပေးငွေများအပေါ်မဆို အကျိုးသက်ရောက်မှုရှိနိုင်သည်။

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM